# မန္တလေးတိုင်းဒေသကြီးလွှတ်တော်

# ၂၀၁၄ ခုနှစ် မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## ၂၀၁၄ ခုနှစ် မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## (၂၀၁၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁။)

## ၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

## ( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၂၀၁၆ ခုနှစ် မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

ပုဒ်မ ၁၂။ ကော်မတီ၏ သက်တမ်းကာလသည် ယင်းကော်မတီအား ခန့်အပ်ဖွဲ့စည်းပေးခဲ့သော အစိုးရအဖွဲ့၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

၃။ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၁၃ ပါ "ကော်မတီ" ဆိုသော စကားရပ်ကို "မြို့တော်ဝန်" ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။

၄။ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၁၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

ပုဒ်မ ၁၆။ အစိုးရအဖွဲ့သည် ပုဒ်မ ၁၄(ခ)အရ ခန့်ထားရမည့်ကော်မတီဝင်များကို ပြည်သူများက ရွေးကောက်တင်မြှောက်နိုင်ရန်အတွက် ရွေးကောက်ပွဲကော်မရှင်တွင် စည်ပင်သာယာရေးဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး မြို့တော်နယ်နိမိတ်အတွင်းရှိ မြို့နယ်(၆)မြို့နယ်မှ ပြည်သူလူထုက ကြည်ညိုလေးစားခြင်း ခံရသော လူပုဂ္ဂိုလ်တစ်ဦးစီကို အဖွဲ့ဝင်များအဖြစ် ပါဝင်ခန့်ထား ဆောင်ရွက်ရမည်။ ရွေးကောက်ပွဲကော်မရှင်၏ အတွင်းရေးမှူးအဖြစ် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆောင်ရွက်ရမည်။ ရွေးချယ်တင်မြှောက်ပွဲနှင့် ပတ်သက်သည့် ကုန်ကျစရိတ်များကို မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရန်ပုံငွေမှ ကျခံရမည်။

၅။ မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဃ) ပါ "ဆန္ဒမဲပေးမည့်ကိုယ်စားလှယ်ကို" ဆိုသော စကားရပ်အစား "ဆန္ဒမဲပေးမည့် အိမ်ထောင်စုကိုယ်စားလှယ်ကို" ဟူသော စကားရပ်ဖြင့်အစားထိုးရမည်။ ပုဒ်မ ၁၉ ပုဒ်မခွဲ(င)ကို အောက်ပါအတိုင်း အစားထိုးရမည်-

ပုဒ်မခွဲ(င) စာရင်းကောက်ယူရာတွင် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲက အိမ်ထောင် ဦးစီး (သို့မဟုတ်) အသက်(၁၈)နှစ်ပြည့်ပြီးသော အိမ်ထောင်စုဝင်တစ်ဦးဦးထံမှ ဆန္ဒမဲပေးမည့်သူစာရင်းကို ကောက်ယူရမည်။

၆။ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၂၁ တွင် ပုဒ်မခွဲ(စ)နှင့်(ဆ)ကို အောက်ပါအတိုင်း ထပ်မံဖြည့်စွက်ရမည်-

ပုဒ်မခွဲ(စ) လူမွဲအဖြစ် ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊

ပုဒ်မခွဲ(ဆ) တပ်နယ်စည်ပင်သာယာနယ်နိမိတ်အတွင်း နေထိုင်သူ တပ်ရင်းတပ်ဖွဲ့ဝင်များ၊

၇။ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

ပုဒ်မခွဲ(ဃ) မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ သက်ဆိုင်ရာမြို့နယ်တစ်ခုတွင် ရွေးကောက်ပွဲမကျင်းပမီ တစ်ဆက်တည်းအနည်းဆုံး(၅)နှစ်နှင့်အထက် နေထိုင်လျက်ရှိသူ ဖြစ်ရမည်။ မိမိကိုယ်တိုင် (သို့မဟုတ်) မိမိ၏ ဇနီး/ခင်ပွန်း သို့မဟုတ် မိရင်းဖရင်းတစ်ဦးဦး၏ တရားဝင်ပိုင်ဆိုင်ထားသော မြေနှင့် အဆောက်အအုံ(တိုက်ခန်း၊ ကွန်ဒို)တွင် နေထိုင်လျက်ရှိသူ ဖြစ်ရမည်။

၈။ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၂၆ ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုး ရမည် -

ပုဒ်မခွဲ(ဃ) ရွေးကောက်ပွဲကော်မရှင်သည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများမှ တင်ပြသော မဲစာရင်းအရ မဲဆန္ဒနယ်အလိုက် မဲအများဆုံးရရှိသည့် ရွေးကောက်တင်မြှောက်ခံရသော ကော်မတီဝင်တို့၏ အမည်စာရင်းကို ကြေညာရမည့်အပြင် အစိုးရ အဖွဲ့သို့လည်း ချက်ခြင်း အစီရင်ခံရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)ဒေါက်တာဇော်မြင့်မောင်

ဝန်ကြီးချုပ်

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့